# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
## (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး က တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁၂ ရက်၊

(၅) တီးတိန့်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၂ ရက်၊

(၇) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၈) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၉) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၂ ရက်၊

(၁၀) သုံးခွမဲဆန္ဒနယ် ဒေါ်စုစုလွင် ခွင့် ၂ ရက်နှင့်

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့တွင် လစ်လပ်နေသော ကော်မတီအဖွဲ့ဝင်နေရာ ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့တွင် လစ်လပ်နေသော ကော်မတီအဖွဲ့ဝင်နေရာ ထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်းအား ပြည်သူ့ငွေစာရင်းကော်မတီနဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတို့တွင် လစ်လပ်လျက်ရှိသော ကော်မတီအဖွဲ့ဝင်တစ်ဦးနေရာ၌ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင်အဖွဲ့ဝင်များထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးဝင်းမြင့်၊ စစ်သံမှူး(ငြိမ်း)၊ ဦးခင်မောင်တင်၊ သံအမတ်ကြီး(ငြိမ်း)၊ ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဦးကိုကိုနိုင်၊ ဗိုလ်ချုပ်(ငြိမ်း)နှင့် ဦးစံရွှေအောင်၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) တို့အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**သံတွဲမြို့၊ ငပလီ-မဇင် လေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်း လုံခြုံရေးအတွက် လေကြောင်းရဲတပ်ဖွဲ့အား ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီအမီ ဖွဲ့စည်းပေးရန်နှင့် ပင်လယ်ပြင်ဝင်ပေါက်များမှ တရားမဝင် ခိုးဝင်ရောက်မှုများအား ကာကွယ်တားဆီးရန် ကင်းလှည့်ရေယာဉ်များ ပါဝင်သော ရေကြောင်းရဲတပ်ဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ သံတွဲမြို့မှာ ငပလီကမ်းခြေရှိတဲ့အတွက်ကြောင့် ပြည်တွင်းပြည်ပခရီးသည်တွေ အမြဲတမ်းကို လာရောက်အပမ်းဖြေကြပါတယ်။ အဓိကအားဖြင့် လာကြတာမှာ လေကြောင်းခရီးနဲ့လာကြတာ များပါတယ်။ ပြည်တွင်းလေကြောင်းလိုင်းအကုန်ကလည်း သံတွဲ- မဇင်- ငပလီလေဆိပ်ကို ဆင်းသက်ပါတယ်။ ၂၀၁၄ ခုနှစ်မှာဆိုရင် ပြည်တွင်းပြည်ပခရီးသည် နိုင်ငံခြားသားများအပါအဝင် အားလုံးပေါင်း ခရီးသည် ၅၀၀၀၀ ကျော် ဝင်ထွက်သွားလာကြပါတယ်။ အခု ၂၀၁၅ ခုနှစ်မှာဆိုရင်လည်း ၅၀၀၀၀ ပြည့်ခါနီးနေပါပြီ။ ဒီနှစ်ဆို ၅၀၀၀၀ ကျော်သွားနိုင်ပါတယ်။ ဒီ ၂၀၁၅ သကြ်န်ကာလမှာဆိုရင် ၁ ရက်ကို လေယာဉ် ၂၄ စီးအထိ ဆင်းသက်တာတွေ့ရပါတယ်။ ဒီတော့ ကျွန်တော်တို့ သံတွဲမြို့ မဇင်လေယာဉ်ကွင်းကတော့ မဇင်ပင်လယ်ကမ်းခြေကို ဦးတိုက်နေပြီးတော့ ရွာကိုထက်ဝက်ခြမ်းထားသလိုဖြစ်ပါတယ်။ တစ်ဖက်တစ်ချက်မှာ ကျေးရွာတွေရှိတော့ တစ်ဖက်က ကျေးရွာသူကျေးရွာသားများဟာ တစ်ဖက်ရွာကို လာချင်လို့ရှိရင် လေယာဉ်ကွင်းကို ကွေ့ဝိုက်မလာဘဲနဲ့ လေယာဉ်ကွင်းအလယ်က ခါးလယ်ကဖြတ်ပြီးတော့ ကွင်းလယ်ကဖြတ်ပြီးတော့ တစ်ဖက်ရွာကိုလာကြတာဖြစ်ပါတယ်။ ဒီတော့ လေယာဉ်အဆင်းအတက်လုပ်တဲ့အခါမှာ အရမ်းအန္တရာယ်များပါတယ်။ ဒါကြောင့် လေယာဉ်ကွင်း လုံခြုံရေးအတွက် ခြံစည်းရိုးကာပေးဖို့လိုသလို ဒီကွင်းလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အားလည်း လွန်စွာနည်းပါးနေပါတယ်။ ဒီလို လေယာဉ်အဆင်း/တက်ချိန်မှ လမ်းတွေကို ခေတ္တပိတ်ပြီးတော့ လုံခြုံရေးချပေးဖို့အတွက် ကျွန်တော်တို့ မဇင်လေယာဉ်ကွင်းကို လေကြောင်းရဲတပ်ဖွဲ့ ဖွဲ့စည်းပေးနိုင်ပါမလားအပြင် ကျွန်တော်တို့ သံတွဲမြို့နယ်ဟာလည်း ပင်လယ်ကမ်းခြေနဲ့ တစ်ဆက်တစ်စပ်တည်း ရှိနေတဲ့အတွက်ကြောင့် ဘင်္ဂလားပင်လယ်အော်မှာ တရားမဝင် ဝင်ရောက်သွားလာနေတဲ့ လှေစီးဒုက္ခသည်တွေ၊ လှေစီးခိုးဝင်သူတွေ ရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့သံတွဲမြို့နယ်ရဲ့ ပင်လယ်နဲ့တစ်ဆက်တစ်စပ်တည်း

ဝင်ပေါက်တွေကိုလည်း စောင့်ရှောက်နိုင်ဖို့အတွက် တရားမဝင် ဝင်ရောက်ခိုးဝင်သူတွေ ကာကွယ်ဖို့အတွက် ကင်းလှည့်ရေယာဉ်များပါတဲ့ ရေကြောင်းရဲတပ်ဖွဲ့ကိုလည်း ဒီနှစ်ဖွဲ့စည်းပေးနိုင်ပါမလားလို့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၂)ရဲ့ သဘောတူညီချက်အရ လေကြောင်းရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ လေကြောင်းရဲတပ်ဖွဲ့ခွဲ သုံးခွဲ၊ လေကြောင်းရဲတပ်ဖွဲ့စု ရှစ်စုတို့ကို အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ဒီအသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုတဲ့ လေကြောင်းရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေကတော့ (က) မြန်မာနိုင်ငံ လေကြောင်းနယ်နိမိတ်ပိုင်နက်များရဲ့ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး၊ (ခ) ဒုစရိုက်မှုခင်းများနှင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုစသည့်မှုခင်းများမဖြစ်ပွားစေရေး၊ (ဂ) ပြည်တွင်းလေဆိပ်များအား ကာကွယ်စောင့်ရှောက်ရေး၊ (ဃ) လေယာဉ်လမ်းကြောင်း လုံခြုံရေး၊ ရှင်းလင်းရေးတာဝန်များ ထမ်းဆောင်ရေး၊ (င) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒုက္ခသည်များကို ကယ်ဆယ်စောင့်ရှောက်ရေးတို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့ရဲ့ လက်ရှိတပ်ဖွဲ့ဝင်အင်အားအခြေအနေအရ ဖွဲ့စည်းပုံပါလေကြောင်းရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ လေကြောင်းရဲတပ်ဖွဲ့ခွဲ သုံးခွဲနှင့် လေကြောင်းရဲတပ်ဖွဲ့စု ငါးစုတို့ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သော်လည်းပဲ သံတွဲလေကြောင်းရဲတပ်ဖွဲ့စုကို ဖွင့်လှစ်ဆောင်ရွက်ရန်ကျန်ရှိခဲ့ပါတယ်။ အဆိုပါဖွင့်လှစ်ရန်ကျန်ရှိတဲ့ လေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)ကို ဆက်လက်ဖွင့်လှစ်နိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ လေယာဉ်ကွင်းတွေမှာ လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ဖို့အတွက်နဲ့ လေကြောင်းရဲတပ်ဖွဲ့မှာ လိုအပ်လျက်ရှိတဲ့တပ်ဖွဲ့ဝင်တွေကို ၂၈-၉-၂၀၁၅ ရက်နေ့ကနေ ၉-၁၀-၂၀၁၅ ရက်နေ့အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လေကြောင်းဆိုင်ရာ

လုံခြုံရေးသင်တန်းအမှတ်စဉ်(၄/၂၀၁၅)နဲ့ စာတွေ့/လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ အဆိုပါသင်တန်းဆင်းတပ်ဖွဲ့ဝင်တွေကို ဖြည့်ဆည်းရရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ လေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)ကို စတင်ဖွင့်လှစ်ပြီးတော့မှ လေဆိပ်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ပါတယ်။ သံတွဲလေဆိပ်လေယာဉ်ပြေးလမ်းရဲ့ မြောက်ဘက်နှင့်အရှေ့ဘက်တို့မှာ ၂ နေရာခွဲပြီးတော့ မြန်မာ့တပ်မတော်နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များက လေယာဉ်ပြေးလမ်းနှင့် အပြင်စည်းလုံခြုံရေးအတွက် လေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ သံတွဲလေဆိပ် လေယာဉ်ကွင်းရဲ့လုံခြုံရေးအတွက် လက်ရှိမှာ မူလလေယာဉ်ပြေးလမ်း(၅၅၀၀ ပေ x ၁၀၀ ပေ)ရဲ့ တောင်ဘက်ထိပ်မှာ သံပြားပေါက်များနဲ့ အလျား ၂၅၀၀ ပေကိုလည်းကောင်း၊ ပြေးလမ်း ဝဲ/ယာမှာကျန်ရှိနေတဲ့အပိုင်းကို ၆ ပေအမြင့်ရှိတဲ့ သံကူကွန်ကရစ်တိုင် သွပ်ဆူးကြိုး ရှစ်တန်းနဲ့ အလျား ၁၀၃၁၆ ပေအားလည်းကောင်း၊ လေယာဉ်ပြေးလမ်းကို မြောက်ဘက်သို့ အလျား ၂၅၀၀ ပေ ထပ်မံတိုးချဲ့ခဲ့တဲ့အတွက် တိုးချဲ့ပြီးအပိုင်းမှာ အမြင့် ၆ ပေရှိတဲ့ သံကူကွန်ကရစ်တိုင် သွပ်ဆူးကြိုး ရှစ်တန်းနဲ့ အလျား ၆၉၀၀ ပေကိုလည်းကောင်း၊ လေယာဉ်ကွင်းပတ်လည်ကို ခြံစည်းရိုးကာရံထားပြီးဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့လမ်းညွှန်ချက်နှင့်အညီ လေယာဉ်ကွင်းလုံခြုံရေးအတွက် ကာရံထားရှိတဲ့ခြံစည်းရိုးတွေကို နှစ်စဉ်အပိုင်းလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် လေယာဉ်ပြေးလမ်း အနောက်ဘက်ခြမ်းမှာရှိတဲ့ မှိုဟင်းပြင်ကျေးရွာသို့သွားသောလမ်းကို ကာရံထားတဲ့ခြံစည်းရိုးနဲ့ လမ်းနဲ့ Level တူနေတဲ့အတွက် ခြံစည်းရိုးမရှိသကဲ့သို့ ဖြစ်နေတဲ့အတွက် ၄၃၅၀ ပေခန့် ကို အတွင်းဘက်ကို ၁၀ ပေခန့်ကွာပြီးတော့ သံကူကွန်ကရစ်တိုင်၊ ချိန်းလင့်များနဲ့ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းမှာ အပြီးသတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီးတော့ ရေကြောင်းရဲတပ်ဖွဲ့နဲ့ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၂)ရဲ့ သဘောတူညီချက်အရ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ ငါးခွဲ၊ ရေကြောင်းရဲတပ်ဖွဲ့စု ခြောက်စုတို့ကို အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ဒီအသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့တဲ့ ရေကြောင်းရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေကတော့ (က) ဘေးဒုက္ခရောက်ရှိနေသူများအား ကယ်ဆယ်နိုင်စွမ်းရှိရမည်၊ (ခ) လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်ရမည်၊ (ဂ) ရေကြောင်းသွားလာလုပ်ကိုင်နေသူများ၊ ရေကြောင်းစီးပွားလုပ်ငန်းများ

အတွက် လုံခြုံမှုရှိစေရေး ဆောင်ရွက်နိုင်ရမည်ဟူ၍ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ရဲ့ လက်ရှိတပ်ဖွဲ့ဝင်အင်အားအခြေအနေအရ ဖွဲ့စည်းပုံပါ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံးတစ်ရုံးနှင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ သုံးခွဲကိုသာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ရေကြောင်းရဲတပ်ဖွဲ့ခွဲနှစ်ခွဲနှင့် ရေကြောင်းရဲတပ်ဖွဲ့စု ခြောက်စုတို့ကို ဖွင့်လှစ်ဆောင်ရွက်ရန် ကျန်ရှိနေပါတယ်။ ရခိုင်ပြည်နယ် ပင်လယ်ကမ်းခြေဖြစ်တဲ့ သံတွဲမြို့မှာ လှေစီးခရီးသည်များ တရားမဝင် ဝင်ရောက်မှုကာကွယ်နိုင်ရန်နှင့် ရေကြောင်းဝင်/ထွက်ပေါက်များ စောင့်ကြည့်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ကို အဆင့်ဆင့်တိုးချဲ့ တည်ဆောက်လျက်ရှိသော်လည်းပဲ မြေနေရာလိုအပ်ခြင်း၊ ဖွဲ့စည်းပုံနှင့်အညီ တပ်ဖွဲ့ဝင်အင်အားနှင့် တိုက်ပွဲဝင်လုပ်ငန်းသုံးရေယာဉ်များ ဖြည့်တင်းနိုင်မှုမရှိခြင်းတို့ကြောင့် ရေကြောင်းရဲတပ်ဖွဲ့စု(သံတွဲ)ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် ပင်လယ်ပြင်လုံခြုံရေးအတွက် မြန်မာ့တပ်မတော်(ရေ)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းတစ်ခုမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ သံတွဲမြို့ လေကြောင်းရဲတပ်ဖွဲ့ကို အခု ဖွဲ့စည်းပေးထားပြီးပြီဆိုလို့ ရှင်းပြတဲ့အတွက် အများကြီးကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ အခုလက်ရှိရောက်ရှိနေတဲ့ လေကြောင်းရဲတပ်ဖွဲ့ဝင်များဟာ လေယာဉ်ကွင်းမှာ ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်ရသူများဖြစ်ပါတယ်။ ဒီတော့ ရဲတပ်ဖွဲ့ဝင်များ နေထိုင်ဖို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ လေယာဉ်ကွင်းပိုင်မြေပေါ်မှာ ရဲတပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာများကို လာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိလိုကြောင်း ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လက်ရှိကတော့ ကျွန်တော်တို့ လေကြောင်းရဲတပ်ဖွဲ့များအတွက် မန္တလေးမှာ လေကြောင်းရဲတပ်ဖွဲ့နေရာတစ်နေရာ၊ နေပြည်တော်မှာတစ်နေရာ၊ ရန်ကုန်မှာတစ်နေရာ သုံးနေရာပဲ ကျွန်တော်တို့လက်ရှိ အဆောက်အဦများဆောင်ရွက်နိုင်ခြင်းရှိပါတယ်။ ကျန်တဲ့အသစ်ဖွဲ့စည်းထားတဲ့နေရာများကို ဘဏ္ဍာရေးနှစ်အလိုက်တော့ တင်ပြတောင်းခံဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ လာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ဒီသံတွဲလေကြောင်းရဲတပ်ဖွဲ့ရဲ့ အဆောက်အဦနဲ့ပတ်သက်ပြီးတော့ ပါဝင်နိုင်ခြင်းမရှိသေးကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**မူကြမ်း**

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သတ်မှတ်ကာလအတွင်း မပြီးသေးသည့်လုပ်ငန်း/စီမံကိန်း မည်မျှရှိပြီး ထိုသို့မပြီးစီးမှုကို မည်သို့အရေးယူဆောင်ရွက်ပါသနည်း၊ ယခု (၅)နှစ်တာကာလအတွင်း အရေးယူမှုပေါင်းမည်မျှရှိ၍ ထိုအခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ၅ နှစ်တာကာလအတွင်းမှာဆောင်ရွက်ခဲ့တဲ့ စီမံကိန်းလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းက ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က တင်သွင်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ၅ နှစ်တာကာလအတွင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ငန်းစီမံကိန်းတွေကို ကဏ္ဍအသီးသီးမှာ ဆောင်ရွက်ပေးခဲ့တာကို ဂုဏ်ယူဝမ်းမြောက်စွာတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီထဲမှာ ရာနှုန်းပြည့်အောင်မြင်တဲ့ လုပ်ငန်းတွေရှိသလို အောက်ခြေဝန်ထမ်းအဆင့်ဆင့်ရဲ့ အားနည်းချက်အမျိုးမျိုးကြောင့် ရာနှုန်းပြည့်အောင်မြင်မှုမရှိတဲ့ လုပ်ငန်းများစွာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ ရထားပို့ဆောင်ရေး၊ လယ်/ဆည်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအားလုံးနီးပါးအတွင်းမှာ အဓိကကတော့ အဆင့်ဆင့်သောအောက်ခြေဝန်ထမ်းတွေရဲ့ အားနည်းချက်ကြောင့်ဖြစ်ပါတယ်။ လုပ်ငန်းစီမံကိန်းတွေကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများအနေနဲ့ နည်းမျိုးစုံနဲ့ကြပ်မတ်နေတဲ့ကြားကနေပြီးတော့ လုပ်ငန်းများကိုသတ်မှတ်ကာလအတွင်းမှာ တင်ဒါမခေါ်နိုင်တာ။ အချိန်မီ တင်ဒါခေါ်နိုင်ပေမယ့်လို့ လုပ်ငန်းမပြီးစီးတာ။ လုပ်ငန်းပြီးစီးပေမယ့်လို့ စံချိန်စံညွှန်းအရည်အသွေး မကိုက်ညီတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တစ်ဖက်မှာလည်း သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာဖို့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဖော်ဆောင်နေတဲ့အချိန်မှာ အချို့သောအောက်ခြေဝန်ထမ်းအဆင့်ဆင့်ရဲ့ ချမ်းသာကြွယ်ဝမှု၊ ပိုင်ဆိုင်မှုတွေဟာ ပိုမိုတိုးပွားလာတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဆက်စပ်နေတဲ့အချက်အလက်တွေဖြစ်ပြီးတော့ ဒီမိုကရေစီနိုင်ငံသစ်အကူးအပြောင်းမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေဖြစ်တာမို့ နောင်ဆက်လက်ပေါ်ထွန်းလာမယ့် အစိုးရအဆက်ဆက်အနေနဲ့လည်း သင်ခန်းစာယူစရာဖြစ်ပါတယ်။

ဒီအတွက် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ (၁) ပြည်ထောင်စုအစိုးရအနေနဲ့ အရည်အသွေးမီ သတ်မှတ်ကာလအတွင်းပြီးစီးမှုရှိ/မရှိ ဘယ်လိုစစ်ဆေးနေပါသလဲ။ (၂) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် သတ်မှတ်ကာလအတွင်း မပြီးစီးတဲ့လုပ်ငန်းစီမံကိန်း ဘယ်လောက်ရှိပါသလဲ။ (၃) လုပ်ငန်းစီမံကိန်းတွေ အရည်အသွေးမမီခြင်း၊ သတ်မှတ်ကာလအတွင်းမှာ မပြီးစီးခြင်းတို့အား ဘယ်လိုအရေးယူဆောင်ရွက်ပါသလဲ။ ဒီလိုအရေးယူဆောင်ရွက်ထားရှိမှုဟာ ပြီးခဲ့တဲ့ ၅ နှစ်တာ ကာလအတွင်းမှာ ဘယ်လောက်ရှိပါသလဲ။ (၄) အထက်ပါအခြေအနေအရပ်ရပ်ကို လုပ်ငန်းစီမံကိန်းများ ခွင့်ပြုပေးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ကို ပွင့်လင်းမြင်သာစွာနဲ့ ပြန်လည်ရှင်းလင်းတင်ပြဖို့ အစီအစဉ်ရှိ/မရှိ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်ဦး မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားချက်များကို စုစည်းပြီးတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းကနေပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင့်။ ဝန်ကြီးဌာနတွေအနေနဲ့ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစီမံကိန်းပမာဏနှင့် လုပ်ငန်းအရည်အတွက်ကိုသာ ခွင့်ပြုရန်ပုံငွေတောင်းခံဖို့နဲ့ ဒီခွင့်ပြုပေးတဲ့လုပ်ငန်းစီမံကိန်းတွေကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးဖို့ တာဝန်ရှိပါတယ်။ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းတွေနဲ့ အညီ လုပ်ငန်းအချိန်မီပြီးစီးဖို့အတွက် ဘဏ္ဍာရေးနှစ်စ ဧပြီလကစပြီးတော့ တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ လုပ်ငန်းခန့်မှန်းခြေစာရင်းတွေရေးဆွဲခြင်း၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီကို တင်ပြခွင့်ပြုချက်ရယူခြင်းတို့ကို ပထမသုံးလပတ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကျန်ရှိတဲ့ကာလအတွင်းမှာ လုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စံချိန်စံညွှန်းတွေ ပြည့်မီမှုရှိ/မရှိ၊ ငွေပေးချေမှုနှင့်အညီ ထိုက်တန်တဲ့လုပ်ငန်းတွေ ရရှိမှုရှိ/မရှိ၊

သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးမှုတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ စဉ်ဆက်မပြတ် ကြီးကြပ်စီမံခန့်ခွဲရမှာဖြစ်ပါတယ်။ လုပ်ငန်းတွေပြီးစီးအောင် မဆောင်ရွက်နိုင်ဘူး ဆိုရင် ကျန်ရှိတဲ့ပိုလျှံငွေတွေကို အထွေထွေပိုလျှံရန်ပုံငွေစာရင်းကို ပြန်ပြီးတော့ ပေးအပ်ရမှာဖြစ်ပါ တယ်။

ပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ငန်းစီမံကိန်းတွေ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလ အတွင်း ပြီးစီးရေးနှင့်စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့အလိုက် ဖွဲ့စည်းထားတဲ့လုပ်ငန်းစစ်ဆေးရေးကော်မတီတွေကနေပြီးတော့ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေကို လုပ်ငန်းတွေ အချိန်မီပြီးစီးအောင် စိစစ်ကြပ်မတ်ခြင်း၊ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ခြင်းရှိ/မရှိ စစ်ဆေးလျက်ရှိပါတယ်။

ဒါ့အပြင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ တိုးတက်မှုအစီရင်ခံရေးဌာနခွဲကလည်း စီမံကိန်းစိစစ်ရေးအဖွဲ့ လေးဖွဲ့ ဖွဲ့စည်းပြီးတော့ ဝန်ကြီးဌာနတွေကနေပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းလုပ်ငန်းတွေနဲ့ လုပ်ငန်းတွေရဲ့ ဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကို ခရိုင်အလိုက် မြေပြင်ကွင်းဆင်းစိစစ်လျက်ရှိပါ တယ်။ ဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကိုလည်း လစဉ်ပြုစုပြီးတော့ စိစစ်တွေ့ရှိချက်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြခြင်း၊ လိုအပ်သလို ကြပ်မတ်နိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန တွေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ပေးပို့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီးတော့ လုပ်ငန်းတွေ အချိန်မီပြီးစီးရေးကိုတွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်းမှာ ဇူလိုင်လကစပြီးတော့ ခရိုင် ၃၈ ခရိုင်အတွင်းမှာ ဝန်ကြီးဌာနတွေက ဆောင်ရွက်တဲ့ လုပ်ငန်းတွေနဲ့ လုပ်ငန်းစီမံကိန်း ၅၁၀၉ ခုရဲ့ ဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကို မြေပြင်ကွင်းဆင်း စိစစ်နိုင်ခဲ့ပါတယ်။

အလားတူပဲ ဒေသဆိုင်ရာစာရင်းစစ်ချုပ်ရုံးတွေကလည်း အမျိုးသားစီမံကိန်းဥပဒေပါ လျာထားတဲ့လုပ်ငန်းတွေကို ခွင့်ပြုရန်ပုံငွေတောင်းခံသုံးစွဲခြင်းရှိ/မရှိ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီရဲ့ အတည်ပြုချက်ရရှိထားတဲ့ လုပ်ငန်းဆောင်ရွက်သူ ကန်ထရိုက်ကနေပြီးတော့ ဌာနကို တရားဝင်လွှဲပြောင်းပြီးတဲ့လုပ်ငန်းတွေကို အခြေခံစံနှုန်းတွေ၊ ဒေသအတည်ပြုဈေးနှုန်းတွေ၊ ခန့်မှန်းခြေစာရင်းပါ အတိုင်းအတာအတိုင်း ဆောင်ရွက်မှုရှိ/မရှိစစ်ဆေးသည့်အပြင် စာရင်းစစ်ရုံး အဆင့်ဆင့်ရဲ့ စစ်ဆေးတွေ့ရှိချက်တွေကို စုစည်းပြီးတော့ ဘဏ္ဍာရေးနှစ်တစ်နှစ်မှာနှစ်ကြိမ်၊

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတော်သမ္မတကို တင်ပြနိုင်ဖို့အတွက် ဒုတိယစာရင်းစစ်ချုပ်ခေါင်းဆောင်တဲ့ စာရင်းစစ်အဖွဲ့တွေက စာရင်းစစ်လုပ်ငန်းအပြီးသတ်ဆွေးနွေးခြင်းတွေ စစ်ဆေးဆောင်ရွက်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနတွေမှာ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစီမံကိန်းတွေအနက် ဝန်ကြီးဌာန ၆ ခုကနေပြီးတော့ စီမံကိန်း ၈၄ ခုက သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်းတွေ့ရှိရပြီးတော့ တင်ဒါခေါ်ယူမှုနောက်ကျခြင်း၊ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီတွေကနေပြီးတော့ အပ်နှံတဲ့လုပ်ငန်းစီမံကိန်းတွေက စာချုပ်ပါစည်းကမ်းချက်တွေ၊ စံချိန်းစံညွှန်းတွေနှင့် မကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ လွှဲပြောင်းလက်ခံဖို့ နှောင့်နှေးကြန့်ကြာခြင်း၊ စီမံကိန်းလုပ်ငန်းတွေ တည်ရှိတဲ့ဒေသအချို့ဟာ ဆက်သွယ်သွားလာရခက်ခဲခြင်း၊ ရာသီဥတုဆိုးရွားခြင်းစတဲ့ သဘာဝအတားအဆီးတွေရှိတဲ့အတွက်ကြောင့်မို့လို့ အကောင်အထည်ဖော်မှုနောက်ကျခြင်း၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းတွေမှာဆိုရင်လည်း သဘောသဘာဝအရ မြစ်ရေကျဆင်းချိန်မှာသာ လုပ်ငန်းတွေဆောင်ရွက်ရခြင်းနဲ့ ပင်လယ်ဒီရေအတက်အကျ နေ့စဉ်ရှိတဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းဆောင်ရွက်ရတဲ့အချိန် အကန့်အသတ်ရှိခြင်းတို့ကြောင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးတဲ့ မတ်လကို ကျော်လွန်ပြီးတော့ လုပ်ငန်းတွေအပြီးသတ်ဆောင်ရွက်ရခြင်း။ ဒါကြောင့် ဘဏ္ဍာရေးနှစ်အတွင်းမှာ အချိန်မီ မပြီးစီးခြင်းဖြစ်ပါကြောင်း၊ အချို့စီမံကိန်းတွေမှာ စီမံကိန်းကြီးတွေဖြစ်တဲ့အလျောက် ဘဏ္ဍာနှစ်တစ်နှစ်တည်းမှာသာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လျာထားပြီး အပြီးဆောင်ရွက်ရတဲ့ လုပ်ငန်းသဘာဝ မရှိပါကြောင်းနှင့် နိုင်ငံခြားကမှာယူတဲ့ပစ္စည်းတွေအတွက် နိုင်ငံခြားက ပစ္စည်းတွေပေးပို့တဲ့အခါမှာ ဘဏ္ဍာရေးနှစ်ကျော်လွန်ပြီးမှ ပစ္စည်းတွေရောက်ရှိတဲ့ကိစ္စရပ်များလည်းရှိပါကြောင်း အဆိုပါဝန်ကြီး ဌာနတွေကနေပြီးတော့ ပြန်လည်ဖြေကြားရှင်းလင်းလာကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနတွေအနေနဲ့ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မယ့် စီမံကိန်းတွေ/လုပ်ငန်းတွေကို အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ဖို့အတွက် တင်ဒါအောင်တဲ့ကုမ္ပဏီနဲ့ အပ်နှံစာချုပ်ချုပ်ဆိုတဲ့အခါမှာ ပြီးစီးရမယ့်ကာလ၊ လိုအပ်တဲ့စံချိန်စံညွှန်းတွေကို ထည့်သွင်းချုပ်ဆိုပြီးတော့ သတ်မှတ်ချိန်အတွင်းမှာ လုပ်ငန်းပြီးစီးမှုမရှိတဲ့၊ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ကုမ္ပဏီတွေကို ချုပ်ဆိုထားတဲ့ တင်ဒါစာချုပ်ပါ စည်းကမ်းများအရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ စာချုပ်ပါသတ်မှတ်ကာလအတွင်းမှာ ပြီးစီးအောင် မဆောင်ရွက်နိုင်ဘူးဆိုရင် ရက်လွန်ကြေးပေးသွင်းစေခြင်း၊ နောက်ကျပြီးစီးမှု သုံးလထက်ကျော်လွန်မယ်ဆိုရင် လုပ်ငန်း

အတွက် တင်သွင်းထားတဲ့ Performance Bank Guarantee ကိုသိမ်းဆည်းခြင်း၊ ပစ္စည်းပေးသွင်းမှု ၁၀ ပတ်ကျော်နောက်ကျမယ်ဆိုရင် တင်ဒါတင်သွင်းခွင့်ပိတ်ပင်ခြင်း စသည်ဖြင့် အရေးယူဆောင်ရွက်မှုတွေရှိပါတယ်။ တင်ဒါခေါ်ယူမှုနောက်ကျခြင်းအတွက် ပစ္စည်းရရှိမှုနှောင့်နှေးခြင်းတွေအပေါ်မှာ ဝန်ကြီးဌာနက တာဝန်ရှိသူအဆင့်ဆင့်ကို ထုချေလွှာတောင်းခံပြီး သတိပေးအရေးယူမှုတွေလည်း ရှိပါတယ်။ တင်ဒါအောင်တဲ့ကုမ္ပဏီတွေကနေပြီးတော့ လုပ်ငန်းရာနှုန်းပြည့်ပြီးစီးမှုမရှိဘဲနဲ့ အပြီးသတ်ရန်ပုံငွေကို ထုတ်ပေးခဲ့မှုတွေအတွက်လည်း တာဝန်ရှိသူတွေကို အရေးယူဆောင်ရွက်ခဲ့မှုတွေရှိပါတယ်။ ဝန်ကြီးဌာနကနေပြီးတော့ အမြန်ပြီးစီးရေးကို တွန်းအားပေးဆောင်ရွက်ခဲ့ပေမယ့်လည်း ဆက်လက်လုပ်ကိုင်ခြင်းမရှိဘဲနဲ့ ရပ်တန့်နေတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာကို ပြစ်မှုဆိုင်ရာဥပဒေ ၄၀၉ နဲ့ အမှုဖွင့်အရေးယူဆောင်ရွက်မှုလည်း ရှိပါတယ်။ ဒါတွေက ဝန်ကြီးဌာနတွေကနေပြီးတော့ အရေးယူဆောင်ရွက်တဲ့အခြေအနေတွေကို တင်ပြခြင်းဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ကတော့ ကျွန်မတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့လည်း အမျိုးသားစီမံကိန်းဥပဒေ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုလျာထားချက်အပေါ်မှာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတွေကို အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြအစီရင်ခံခြင်းကိုဆောင်ရွက်လျက်ရှိတဲ့အပြင် ဒီအစီရင်ခံစာကို အများပြည်သူတွေကို ရောင်းချပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့လည်း လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို ပြန်လည်ရှင်းလင်းတင်ပြဖို့ လိုအပ်ပါက ပွင့်လင်းမြင်သာစွာနဲ့ ပြန်လည်ရှင်းလင်းတင်ပြရန် အစီအစဉ်ရှိပါကြောင်းနှင့် လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းအဆိုတွေကိုဖြေကြားခြင်း၊ လွှတ်တော်ကော်မတီများရဲ့ ကြားနာပွဲများကိုတက်ရောက်ပြီးတော့ အခါအားလျော်စွာ ရှင်းပြလျက်ရှိပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အမှန်လိုအပ်နေသည့် ကိစ္စရပ်များအပေါ် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကြား အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်နေသည့်ကိစ္စရပ်များပေါ် မည်ကဲ့သို့သော ဆောင်ရွက်မှုများပြုလုပ်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး၊ ပြည်သူများအကျိုးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့ကြား၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေမှု များနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ကြီးဖြစ်အောင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ပေးနေသောကာလဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်ပေးရာမှာ မြန်ဆန်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဆောင်ရွက်ပေးရာရောက်မည်ဖြစ်ပြီး ထိုကဲ့သို့အကောင်အထည် ဖော်ဆောင်ရွက်ပေးမှုများ အထိုက်အလျောက်အောင်မြင်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါ တယ်။ ဒီလိုအကောင်အထည်ဖော်ပေးနေမှုများရှိသော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး၊ ပြည်သူများအကျိုးတို့အတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့အချင်းချင်းတို့အကြား၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမှုများ အားနည်းနေသည့် အချက်အချို့ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ထိုကဲ့သို့ တွေ့ရှိချက်များထဲမှ ဥပမာထားတင်ပြရရင် ကျန်းမာရေးဌာနခွဲသစ်များပေါ်ပေါက်ရေး၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများမှ အစိုးရမူလတန်းကျောင်းခွဲများ ဖြစ်ပေါ်ရေးတို့အတွက် အမှုတွဲတည်ဆောက်ရာမှာ ပါဝင်ရမည့် မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားမှုခက်ခဲနေခြင်းတို့တွင် ပညာရေးဌာန၊ မြေစာရင်းဌာန၊ အုပ်ချုပ်ရေးဌာနတို့အချင်းချင်း အပြန်အလှန်လွှဲချနေမှုများ၊ မြေယာ ပိုင်ဆိုင်မှုအငြင်းပွားမှုကိစ္စရပ်တွေမှာ မြေစာရင်းဌာနနှင့် တရားရုံးတွေကြား အပြန်အလှန်လွှဲချနေမှု

များ၊ မြို့မြေ၊ ရွာမြေ၊ လမ်းမြေ အငြင်းပွားမှုများတွင် မြေစာရင်းဌာနနှင့် စည်ပင်သာယာရေးဌာန တရားရုံးတို့ကြား အပြန်အလှန်လွှဲချနေမှုများအပါအဝင် လွှတ်တော်များက မေးခွန်းများတွင်ပင် ပြန်လည်ဖြေကြားရာ၌ အချို့သောဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ကြား ညှိနှိုင်းပေါင်းစပ်မှုနှင့် ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းပေါင်းစပ်မှုအားနည်း၍ ဖြေကြားမှုမပြည့်စုံခြင်းများရှိခဲ့ပါတယ်။ ထိုကဲ့သို့ အားနည်းနေမှုများကို အမြန်ဆုံးသိရှိပြင်ဆင်ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် လက်တွေ့ဖော်ဆောင်ရာရောက်မည်ဖြစ်ပါတယ်။ ဒါကြောင့် အထက်တွင် ဥပမာပေးဖော်ပြခဲ့သည့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး၊ ပြည်သူများအကျိုးအတွက် အမှန်လိုအပ်နေသည့် ကိစ္စရပ်များအပါအဝင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့အကြား အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်နေသည့်ကိစ္စရပ်များအပေါ် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မှုများရှိသည်ကို ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ မေးခွန်းနှင့်ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန-၆ ရဲ့ကိုယ်စား လေးစားစွာနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ မေးခွန်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုး၊ ပြည်သူများ၏အကျိုးတို့အတွက် အမှန်လိုအပ်နေသည့်ကိစ္စရပ်များအပေါ် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကြား အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်နေသည့်ကိစ္စရပ်များ

အပေါ် မည်ကဲ့သို့ ဆောင်ရွက်မှုများပြုပေးနိုင်မည်ကို သိရှိလိုကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၄ တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏လက်အောက်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကလည်းကောင်း လုပ်ငန်းများကို အကောင်အဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၅ တွင် ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ကျန်းမာရေးဌာနခွဲသစ်များပေါ်ပေါက်ရေး၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများမှ အစိုးရမူလတန်းကျောင်းခွဲများ ဖြစ်ပေါ်လာရေးတို့အတွက် အမှုတွဲတည်ဆောက်လျှောက်ထားရာ၌ ပါဝင်ရသည့် မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားရရှိမှု ခက်ခဲခြင်းတို့တွင် ပညာရေးဌာန၊ မြေစာရင်းဌာန၊ အုပ်ချုပ်ရေးဌာနတို့အကြား အပြန်အလှန်လွှဲချနေမှုများရှိခြင်း၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားကိစ္စများတွင် မြေစာရင်းဌာနနှင့် တရားရုံးများအကြား အပြန်အလှန်လွှဲချနေမှုများရှိခြင်း၊ မြို့မြေ၊ ရွာမြေ၊ လမ်းမြေ အငြင်းပွားမှုများတွင် မြေစာရင်းဌာန၊ စည်ပင်သာယာရေးဌာနနှင့် တရားရုံးများအကြား အပြန်အလှန်လွှဲချနေမှုများအပါအဝင် လွှတ်တော်များတွင် မေးခွန်းမေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားနေခြင်းအချို့၌ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့အကြား အချင်းချင်းညှိနှိုင်းပေါင်းစပ်မှုနှင့် ဝန်ကြီးဌာနအချင်းချင်းတို့အကြား ညှိနှိုင်းပေါင်းစပ် ဖြေကြားမှုအားနည်း၍ ဖြေကြားမှုမပြည့်စုံခြင်းအပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် စုစည်းပေါင်းစပ် ညှိနှိုင်းဖြေရှင်းပေးလျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုပုံစံအသီးသီးကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

မြေငှားဂရန်ချထားပေးမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁) အပိုဒ် ၁၀ စီမံခန့်ခွဲရေးကဏ္ဍ၊ အပိုဒ်ခွဲ(ခ) ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံအောက်ပိုင်း မြို့ရွာမြေများ နည်းဥပဒေ ပုဒ်မ ၉

နှင့် မြန်မာနိုင်ငံအထက်ပိုင်း မြေနှင့်အခွန် နည်းဥပဒေပုဒ်မ ၅၁ နည်းဥပဒေခွဲ(ခ)တို့အရ အခွန်တော် အရာရှိ(ခရိုင်အုပ်ချုပ်ရေးမှူး)မှ မြေ ၁ ဧကအထိ မြေငှားဂရန်ချထားပေးနိုင်ပါတယ်။ မြေ ၁ ဧကမှ ၅ ဧကအထိကို တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကြိုတင်ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ မြေ ၅ ဧကအထက်ကို ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးမှ မြေငှားဂရန်ချထားပေးနိုင်ပါတယ်။

ထိုကဲ့သို့ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မည်သူတစ်ဦး တစ်ယောက်ကိုမျှ မြေငှားဂရန်နှင့် လိုင်စင်ထုတ်ပေးထားခြင်းမရှိသော စနစ်တကျတိုင်းတာထားသည့် မြို့မြေ၊ ရွာမျာကို လူနေထိုင်ရန်၊ အဆောက်အဦဆောက်ရန် စက်မှုလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထား ခြင်းအတွက် မြေငှားဂရန်ထုတ်ပေးရမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြေပုံ၊ မြေရာဇဝင် စိစစ်တင်ပြရန် အကြောင်းကြားလာပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေပြင်ကွင်းဆင်းတိုင်းတာ၍ ရေးဆွဲပေးသည့် မြေစာရင်းပုံစံ(၁၀၅)နှင့် မြေရာဇဝင် ဖော်ပြချက် မြေစာရင်းပုံစံ(၁၀၆)တို့အရ ကွင်းဆင်းစိစစ်၍ တည်ဆဲမြေစီမံခန့်ခွဲမှုဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေအသုံးပြုခွင့် မြေငှားဂရန်လိုင်စင်များကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ပညာရေးကဏ္ဍ အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများကို အခြေခံ ပညာမူလတန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရာတွင် မူဝါဒလုပ်ထုံးလုပ်နည်းများ သတ်မှတ် ထားရှိပြီးဖြစ်၍ အောက်ပါအချက်အလက်အထောက်အထားအပြည့်အစုံဖြင့် တင်ပြရမှာဖြစ်ပါတယ်။

(က) မြေစာရင်းပုံစံ(၁၀၅)ပါရှိသော လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်အမိန့်၊ (ခ) ကျောင်းဆောင်စာသင်ခန်းပြည့်စုံမှုရှိ/မရှိ၊ (ဂ) ပင်မကျောင်းနှင့်အကွာအဝေး၊ လမ်းခရီးခက်ခဲမှု၊ သဘာဝအတားအဆီးရှိမှု အခြေအနေတင်ပြချက်များ၊ (ဃ) ပတ်ဝန်းကျင်မှတက်ရောက်မည့် ကျောင်းသားဦးရေ၊ (င) ယခင်ပညာသင်နှစ်ကျောင်းသားဦးရေနှင့် ယခုပညာသင်နှစ်ကျောင်းသား ဦးရေ၊ (စ) လက်ရှိကျောင်းသက်တမ်း၊ (ဆ) မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ ကျောင်း အကျိုးတော်ဆောင်ကော်မတီနှင့် မိဘဆရာအသင်းအဖွဲ့အစည်းများ၏တင်ပြချက်များ၊ (ဇ) မြို့နယ် ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်များဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါအချက်အလက်များထဲမှ မြေစာရင်းပုံစံ(၁၀၅) ပါရှိသော လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်အမိန့်ရရှိရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပြီး

ထိုသို့ဆောင်ရွက်ရာတွင်သက်ဆိုင်ရာဌာနများမှလည်း သတ်မှတ်သည့်အချက်အလက်များ ပြည့်စုံမှန်ကန်မှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နှစ်အလိုက်စီမံကိန်း၊ အမျိုးသားကျန်းမာရေး(၅)နှစ်စီမံကိန်းနှင့် နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးပြည်သူများ၏အကျိုးတို့အတွက် အမှန်လိုအပ်နေသည့်ကိစ္စရပ်များအပေါ် စီမံကိန်းများအလိုက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ တင်ပြချက်များအပေါ် ဖြေကြားချက်များအရလည်းကောင်း၊ ဒေသလိုအပ်ချက်များအပေါ် အခြေခံ၍လည်းကောင်း၊ Delivery Unit များ၏ကွင်းဆင်းတွေ့ရှိချက်အရလည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဦးစီးဌာနရုံးများ၊ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများ၏ ဖွဲ့စည်းပုံများအားတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းများဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အဆောက်အဦအတွက် မြေနေရာလုံလောက်မှုရှိ/မရှိ၊ အဆောက်အဦထပ်မံဆောက်လုပ်ရန်လို/မလို၊ နယ်မြေဒေသအခြေအနေနှင့် မြေပြင်တွင် အမှန်တကယ်လိုအပ်မှုရှိ/မရှိ စိစစ်ပြန်ကြားပေးပါရန် ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ခွင့်ပြုချက်ရရှိရေးအတွက် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သဘောထားမှတ်ချက်တောင်းခံခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကြား အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်း၊ ဝန်ကြီးဌာနအချင်းချင်းတို့ကြား ညှိနှိုင်းပေါင်းစပ်ခြင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ သမ္မတရုံး ဒုတိယဝန်ကြီးဖြေကြားသွားတာ အပြည့်အစုံဖြေတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း ၂ ခုလောက်မေးလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီဝန်ကြီးဖြေသွားတဲ့အထဲမှာလည်းပါပါတယ်။ မြေအသုံးပြုခွင့်နှင့်ပတ်သက်ပြီးခါကြမှ လျှောက်ထားရန်ဆိုတဲ့အပိုင်း ဒီအပိုင်း

လေးမှာ ကျွန်တော်တို့ ပေါက်မြို့နယ်မှာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ၂၄ ကျောင်းလောက်ကို ပညာရေးဝန်ကြီးဌာနကို တင်ပြလျှောက်ထားတာရှိပါတယ်။ အဲ့ဒီမှာလည်း စောစောကပြောတဲ့ မြေစာရင်းပုံစံ ၁၀၅ ခက်ခဲတယ်ဆိုပြီးတော့မှ အမှုတွဲတည်ဆောက်တဲ့နေရာမှာ နှောင့်နှေးကြန့်ကာမှု တွေရှိပါတယ်။ ဒါကြောင့် ဒီအပေါ်လေးမှာရော ဝန်ကြီးတို့ကဘက်က ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် နောက်ဒီအပိုင်းလေးနဲ့ ပေါက်မြို့ရဲ့အထွက်မှာလည်း ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂ နှစ် လောက်ကစပြီး တောင်သူ ၆၀ ကနေပြီးမှ ဒီလယ်ယာမြေကိုအခြားနည်းသုံးခွင့် လျှောက်ထားပါတယ်။ လျှောက်ထားပြီးတဲ့အခါ အခုအထိမရဘဲ ဖြစ်နေပါတယ်။ ဒါတွေကလည်း ၂ နှစ်လောက်ရှိသွားပါပြီ။ အပြင်မှာပြောတာကတော့ ဟိုလူကြီးပြောင်းလို့ ဒီလူကြီးပြောင်းလို့ စသည်အားဖြင့် ဟိုလက်မှတ်ကျန် လို့ ဒီလက်မှတ်ကျန်လို့အမျိုးမျိုးနဲ့ ၂ နှစ်လောက်ကြာနေပါပြီ။ ဒါလေးကိုလည်း ဝန်ကြီးများအား အကူအညီပေးနိုင်ခြင်း ရှိ/မရှိ ဒါလေးကို မေးမြန်းအပ်ပါတယ်။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိအနေနဲ့ ၁၇-၁၁-၂၀၁၅ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်များမှာ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop များဖွင့်လှစ်ပြီးစီးမှု အခြေအနေနှင့် ဖွင့်လှစ်ရန်လျာထားချက်များကို ကျွန်တော်အနည်းငယ် တင်ပြပါမယ်။ ကချင် ပြည်နယ်မှာ ဖွင့်လှစ်ပြီးတဲ့အရေအတွက်က ၁၁ ခုရှိပါတယ်။ နောက်ကယားပြည်နယ်မှာ ခြောက်ခုရှိပါ တယ်။ ကရင်ပြည်နယ် မှာ လေးခုရှိပြီးတော့ ချင်းပြည်နယ်မှာ ကိုးခုရှိပါတယ်။ စစ်ကိုင်းမှာ ၂၅ ခု ရှိပြီးတော့ တနင်္သာရီမှာ ၁၀ ခုရှိပါတယ်။ ပဲခူးမှာ ၂၇ ခုရှိပြီး မကွေးမှာ ၂၀ ရှိပါတယ်။ မန္တလေးမှာ ၂၀ ခုရှိပြီးတော့ မွန်မှာ ၁၀ ခုရှိပါ တယ်။ ရခိုင်မှာ ၁၇ ခုရှိပြီးတော့ ရန်ကုန်မှာ ၃၀ ခုရှိပါတယ်။ ရှမ်းမှာ ၁၂ ခုရှိပြီးတော့ ဧရာဝတီမှာ ခြောက်ခုရှိပါတယ်။ နေပြည်တော်မှာ ငါးခုရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အားလုံးပေါင်း One stop shop ဖွင့်ထားတာ ၂၀၈ မြို့နယ်ရှိပါတယ်။ ကျွန်တော်တို့ နောက်ထပ်ဆက်လက်ပြီး ထပ်မံဖွင့် မယ့်အရေအတွက်က အားလုံးပေါင်း ၉၆ ခုရှိပါတယ်။ မဖွင့်လှစ် နိုင်မယ့်အရေအတွက်ကတော့ ၂၆ ခုရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဆက်လက်ဆောင်ရွက်နေတဲ့ အနေအထားရှိတဲ့အတွက်ကြောင့် သက်ဆိုင်ရာမြို့နယ်မှာ One stop shop တစ်ခါတည်း လိုအပ်တဲ့၊ ခုနကလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ပေါက်မြို့နယ် ကိုယ့်အားကိုယ်ကိုး ကျောင်း ၂၄ ကျောင်းအပြင် မြေကိစ္စပါ တစ်ခါတည်း ပြတ်အောင်ဖြစ်လို့ရပါတယ်။ ကျွန်တော်တို့လည်း ဒီကနေ

လှမ်းပြီးတော့ သက်ဆိုင်ရာမြို့နယ်ကို အကြောင်းကြားပေးပါမယ်လို့ ပြန်လည်ဖြေကြားပေးပါမယ်။ ကျေးဇူးတင်ပါတယ်။

**မဘိမ်းမြို့နယ်ရှိ ကြံတောင်သူများနှင့် ဂရိတ်ဝေါလ်-ဝေမာဟိုးလ်ဒင်းလီမိတက်တို့ နှစ်ဦးသဘောတူချုပ်ဆိုထားသော စာချုပ်ကို မည်သည့်အတွက်ကြောင့် ဂရိတ်ဝေါလ်ဘက်မှ ချိုးဖောက်သည့်နှင့် နစ်နာသောကြံတောင်သူများအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးမြန်းချင်တာက ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်က တိုင်ကြားလာတဲ့ ကြံတောင်သူတွေရဲ့အခက်အခဲကို ဖြေရှင်းဖို့အတွက် မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်မှာရှိတဲ့ ကြံတောင်သူများနှင့် ဂရိတ်ဝေါလ်၊ ဝေမာဟိုးလ်ဒင်းလီမိတက် မောင်းကုန်းသကြားစက်တို့က ကြံကြိုတင်ရောင်းဝယ်မှု နှစ်ဦးနှစ်ဖက်စာချုပ်ချုပ်ဆိုပြီးမှ အချိန်တန်သည့်အချိန်မှာ ကုမ္ပဏီဘက်ကနေ သဘောတူစာချုပ်ကို ဖောက်ဖျက်ပြီး ကြံတောင်သူတွေဆီကနေပြီးတော့ ကြံများဝယ်ယူခြင်းမရှိတော့သလို ရာသီလွန် ခုတ်သိမ်းမှုတွေလည်း နောက်ကျလို့ကြံပင်တွေ သေကြေပျက်စီးပြီးတော့ ကြံတောင်သူတွေအနေနဲ့ ဆုံးရှုံးမှုတွေအများကြီး ကြုံတွေ့ခဲ့ရပါတယ်။ ဒီမဘိမ်းမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့ကိုတိုင်ကြားသော်လည်း ကွင်းဆင်းစစ်ဆေးတယ်။ ဒါပေမဲ့ မည်သည့်အရေးယူဆောင်ရွက်မှုမှ မပြုလုပ်ပေးခဲ့ပါဘူး။ ယခုလို ကျွန်မလွှတ်တော်ကို မေးခွန်းမေးမြန်းနေတဲ့အချိန်မှသာ ဂရိတ်ဝေါလ် ဘက်နေပြီးတော့ တောင်သူအချို့ကို ငွေကြေးအနည်းငယ်ပေးပြီးတော့ ညှိနှိုင်းခဲ့ပါတယ်။ သို့သော် ၎င်းတို့ပေးတဲ့ ငွေကြေးက တောင်သူတွေအနေနဲ့ နစ်နာကြေးဟာ အလွန်နည်းပါးတာကြောင့် မယူဘဲနဲ့နေနေတဲ့ တောင်သူတွေလည်းအများအပြားရှိနေပါတယ်။ ဒါ့ကြောင့် ကျွန်မ ကမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကြံတောင်သူတွေနဲ့ ဂရိတ်ဝေါလ်၊ ဝေမာဟိုးလ်ဒင်းလီမိတက်တို့ နှစ်ဦးနှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုထားသော်လည်း မည်သည့်အတွက်ကြောင့် ဂရိတ်ဝေါလ်ဘက်က မည်သည့်အတွက် ကြောင့်စာချုပ်ကို ဖောက်ဖျက်ခဲ့ရပါသလဲ။ နောက် မဘိမ်းမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့မှ ကွင်းဆင်း စစ်ဆေးပြီး နစ်နာတဲ့ကြံတောင်သူတွေကို မည်သည့်အတွက်ကြောင့် အရေးယူဆောင်ရွက်မှုတွေ မပြုလုပ်ပေးခဲ့ပါသလဲ။ နောက်လျော်ကြေးမယူဘဲ နစ်နာမှုရှိခဲ့တဲ့ ကြံတောင်သူများအတွက်လည်း အဘယ်ကဲ့သို့ဆောင်ရွက်ပေးပါမလဲလို့ ကျွန်မမေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ဆက်လက်၍ ကျွန်တော့်အနေနဲ့ နေပြည်တော်၊ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ၁၃-၅-၂၀၁၅ ရက်စွဲပါစာဖြင့် ငါးအိုးကျေးရွာနေ ကြံတောင်သူ ဦးသိန်းဝင်း၊ ဦးဝင်းကျော်၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာနေ ဦးညွန့်ဝင်း၊ ဦးအောင်ထွန်းတို့မှ ၂၀၁၄-၂၀၁၅ ခု မောင်းကုန်း-ဂရိတ်ဝေါလ်-ဝေမာဟိုးလ်ဒင်းကုမ္ပဏီသကြားစက်ရုံသို့ ကြံပင်များရောင်းချသည့်ကြံတောင်သူများ၏ အခက်အခဲများနှင့် ဆုံးရှုံးနစ်နာမှုများအားဖြေရှင်းပေးရန် တင်ပြတိုင်ကြားခဲ့ပါတယ်။ ကြံတောင်သူ(၄)ဦး၏ တိုင်ကြားစာအား ၁၈-၅-၂၀၁၅ ရက်နေ့တွင် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး) ဦးဆောင်သည့် အောက်ဖော်ပြပါအဖွဲ့ဝင်များမှ တိုင်ကြားသူ ဦးသိန်းဝင်းနှင့် ဦးဝင်းကျော်တို့၏ ငါးအိုးကျေးရွာရှိ ကြံစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ဦးကျော်ဌေး(မြို့နယ်အုပ်ချုပ်ရေးမှူး)၊ ဦးထွန်းလွင်(ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ)၊ ဦးဗိုလ်လှ(ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ)၊ ဦးစိန်ဝင်းမြင့်(ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)၊ ဦးထွန်းမျိုးသန့်(ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးမြင့်အောင် (ငါးအိုးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး)၊ တိုင်ကြားသူတောင်သူများ၊ ဂရိတ်ဝေါလ်ကုမ္ပဏီမှ တာဝန်ရှိသူများဖြစ်ပါတယ်။ ၎င်းကွင်းဆင်းစစ်ဆေးသည့်နေ့တွင် ငါးအိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အထက်အပိုဒ်(၂)ပါ အထက်ပါပုဂ္ဂိုလ်များအား ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှတိုင်ကြားသူ တောင်သူများနှင့် တိုင်ကြားခံကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့ပါ။ ထို့အပြင် ၂၉-၅-၂၀၁၅ ရက်နေ့တွင် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး၌ ဂရိတ်ဝေါလ်ကုမ္ပဏီမှ စက်ရုံမှူး ဦးထွန်းလွင်၊ စခန်းတာဝန်ခံ ဦးအောင်ဇော်လင်းနှင့် ကုမ္ပဏီဝန်ထမ်းများအား မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ ထပ်မံခေါ်ယူညှိနှိုင်းခဲ့သော်လည်း တိုင်ကြားသူတောင်သူများ၏ နစ်နာမှုတောင်းဆိုချက်များနှင့် ပတ်သက်၍ ပြေလည်မှုမရရှိခဲ့ပါ။ ယင်းသို့ နှစ်ဖက်ညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် တိုင်ကြားသူတောင်သူများအပါအဝင် ၎င်းကြံခင်းအနီးပတ်ဝန်းကျင်ရှိ တောင်သူများနှင့် ငါးအိုးကျေးရွာမှ ရပ်မိရပ်ဖများ၊

ဂရိတ်ဝေါလ်ကုမ္ပဏီမှ တာဝန်ရှိသူများပါဝင်သည့် သက်သေ(၁၄)ဦးတို့အား မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီရုံးသို့ ၂၄-၅-၂၀၁၅ ရက်နေ့မှ ၂၆-၅-၂၀၁၅ ရက်နေ့အထိ အကြိမ်ကြိမ်ခေါ်ယူ ထွက်ဆိုချက်များရယူခဲ့ပါတယ်။ ယင်းသို့ ခေါ်ယူစစ်ဆေးပေါ်ပေါက်ချက်များနှင့်ပတ်သက်၍ ၂၆-၆-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(ခ)အရ အောက်ပါအတိုင်းဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ခဲ့ပြီး သက်ဆိုင်ရာတိုင်ကြားသူများနှင့်တိုင်ကြားခံရသူကုမ္ပဏီတာဝန်ရှိသူများထံသို့ မြို့နယ်မြေ အသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ စစ်ဆေးဆုံးဖြတ်ချက်များကိုလည်း ၂၅-၆-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၅/၂-၃(၇၆)ဖြင့် ပေးပို့ထားပြီးဖြစ်ပါသည်။ (က)ဂရိတ်ဝေါလ်-ဝေမာ-ဟိုးလ်ဒင်းကုမ္ပဏီမှ တောင်သူများ၏ နစ်နာမှုအတွက် အောက်ပါအတိုင်းပံ့ပိုးပေးရန် ကမ်းလှမ်းချက်သည် လျော်ကန် သင့်မြတ်မှုရှိပါသည်။ (၁)ဦးသိန်းဝင်း၏ စိုက်ခင်းအတွက် စိုက်သစ် ၈.၅၀ ဧကနှင့် လမိုင်း ၇.၇၀ ဧကပေါင်း ၁၆.၂၂ ဧကအတွက် တစ်ဧကလျှင် ၂၁.၉၂ တန်နှုန်းဖြင့် ၃၃၅.၅၄ တန်အတွက် ကြံတစ်တန်လျှင် ခုတ်ခ၊ သယ်ခ၊ တင်ခများနုတ်ပြီးအသားတင်ကျန်ငွေ ၂၄၅၀၀ နှုန်းဖြင့် ကျသင့်ငွေ ၈၇၁၀၇၃၀ ကျပ်ပေးချေရန်၊ (၂)ဦးဝင်းကျော် ကြံစိုက်ခင်းအတွက် စိုက်သစ် ၆.၅၁ ဧကနှင့် လမိုင်း ၁၆.၈၀ ဧကပေါင်း ၂၃.၃၁ ဧကအတွက် ကြံတစ်ဧကလျှင် ၂၁.၉၂ တန်နှုန်းဖြင့် ၅၁၀.၉၆ တန်အတွက် ကြံတစ်တန်လျှင် ခုတ်ခ၊ သယ်ခ၊ တင်ခများနုတ်ပြီးအသားတင်ကျန်ငွေ ၂၄၅၀၀ နှုန်းဖြင့် ကျသင့်ငွေ ၁၂၅၁၈၄၀၂ ကျပ်ပေးချေရန်၊ (၃)ဂရိတ်ဝေါလ်ကုမ္ပဏီမှ တောင်သူများနစ်နာမှုအတွက် နောင်နှစ် ကြံစိုက်ပျိုးရာသီတွင် ကုမ္ပဏီမှ ထုတ်လုပ်သည့် မြေဆီအိတ်အားတစ်ဧကလျှင် ၅ အိတ်နှုန်းဖြင့် ၃၉.၅၃ ဧကအတွက် ထောက်ပံ့ပေးရန် အထက်ပါ ဂရိတ်ဝေါလ်-ဝေမာဟိုးလ်ဒင်းကုမ္ပဏီမှ ထောက်ပံ့ပေးအပ် ရန်ကမ်းလှမ်းချက်အားသက်ဆိုင်ရာ တောင်သူများမှ ကျေနပ်မှုမရှိပါကတရားဥပဒေကြောင်းအရသာ ဆောင်ရွက်သွားရန် အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မဘိမ်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲမှု ကော်မတီမှ မိုးမိတ်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့ပြီးအဆင့်ဆင့်တင်ပြချက် များနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတောင်ကြီးမြို့နယ်၏ ၁၇-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၉၄၁၆/၆-၆၃၃/အစရ(ရှမ်း)ဖြင့် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာရှိကြံစိုက် တောင်သူများမှ မောင်းကုန်း-ဂရိတ်ဝေါလ်-ဝေမာ-ဟိုးလ်ဒင်းကုမ္ပဏီသကြားစက်ရုံသို့ ကြံရောင်းချမှုနှင့်ပတ်သက်၍ ဂရိတ်ဝေါလ်-ဝေမာဟိုးလ်ဒင်းကုမ္ပဏီမှထောက်ပံ့ပေးရန် ကမ်းလှမ်းချက်အား သက်ဆိုင်ရာတောင်သူ များမှ ကျေနပ်မှုမရှိပါက တရားဥပဒေကြောင်းအရသာဆောင်ရွက်ရန် အကြောင်းကြားခဲ့သဖြင့် မဘိမ်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီမှ သက်ဆိုင်ရာတိုင်ကြားသူတောင်သူများနှင့် ကုမ္ပဏီ

တာဝန်ခံတို့ထံသို့ ဆက်လက်အသိပေး အကြောင်းကြားထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ရေးအတွက် အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တိရစ္ဆာန်ဆေးပညာ ကောင်စီဥပဒေကို ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် ၉/၁၉၉၅ ဖြင့် ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာ ခေတ်စနစ်နဲ့အညီ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ခုတည်းသာမက တိရစ္ဆာန်အစားအစာ၊ ဆေးဝါးနှင့် မွေးမြူရေးဆိုင်ရာအထောက်အကူပြုသည့် ပညာရပ်များပါ ဆက်နွယ်ပါဝင်နိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များအား အသိအမှတ်ပြုရေးနှင့် တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဒီပလိုမာများသာမက အခြားဘွဲ့များအတွက် ပေးအပ်သည့်ဘွဲ့လွန်များကိုပါ တိရစ္ဆာန်ဆေးပညာဆိုင်ရာအထောက်အကူပြု ပညာတစ်ရပ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ပြည်ပနိုင်ငံများမှ တိရစ္ဆာန်ဆေးပညာဘွဲ့ ရရှိပြီး တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်လိုသော နိုင်ငံခြားသားများအနေဖြင့် တိရစ္ဆာန်ဆေး

ပညာကောင်စီတွင် မှတ်ပုံတင်လျှောက်ထားနိုင်ရန်အတွက်လည်းကောင်း၊ ခေတ်ကာလအခြေအနေနှင့်ကိုက်ညီစေရန်လည်းကောင်း၊ ကောင်စီဥပဒေကို လိုက်နာစေရန်လည်းကောင်း၊ ဥပဒေအားဖော်ဖျက်ကျူးလွန်ပါက ပြစ်ဒဏ်ကိုပိုမိုလေးနက်စေရန်အတွက်လည်းကောင်း၊ မူလဥပဒေပြဋ္ဌာန်းချက်ကို အစားထိုးပြဋ္ဌာန်းပေးနိုင်ရေးအတွက် ဤဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကိုဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကိုလွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၈၀၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ၁၅-၁၁-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို တည်ဆဲဥပဒေဖြစ်သော တိရစ္ဆာန်ဆေးပညာကောင်စီ

ဥပဒေသည် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိတော့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရန်ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၉)ခုပါရှိပါသည်။

(ခ) အပိုဒ် ၂ ကိုအောက်ပါအတိုင်းအသစ်ဖြည့်စွက်ရမည် -

၂(ဂ) တိရစ္ဆာန်ဆေးကုဆရာဝန် ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့် တိရစ္ဆာန်ဆေးပညာဘွဲ့ ရရှိသူကိုဆိုသည်။

(ဂ) အပိုဒ် ၃အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ရမည်-

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ဃ)၏ နောက်တွင်ပုဒ်မခွဲ(င)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

(င) တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာ ဆိုသည်မှာတိရစ္ဆာန်ဆေးပညာနှင့် ဆက်နွယ်သည့် တိရစ္ဆာန်အစားအစာ၊ ဆေးဝါးနှင့် မွေးမြူရေးဆိုင်ရာတို့အတွက် အထောက်အကူပြုသည့် အတတ်ပညာကိုဆိုသည်။

(ခ) ပုဒ်မခွဲ(င)ကိုပုဒ်မခွဲ(စ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဃ) အပိုဒ် ၂ ကိုအပိုဒ် ၄ အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ကို တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေတွင်ပါရှိသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ဆိုသည့် စကားရပ်ကို တိရစ္ဆာန်ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာတစ်ရပ်ရပ် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟုပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ ကို အပိုဒ် ၅ အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ကို တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေတွင်ပါရှိသောမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဆိုသည့်စကားရပ်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၄ ကို အပိုဒ် ၆ အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ကို တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော ၃ ကြိမ်ဆိုသည့် စကားရပ်ကို နှစ်ကြိမ်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၅ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၇။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ (စ)နှင့်ပုဒ်မခွဲ (ဆ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

(င) စိတ်ပေါ့သွပ်ခြင်း ၊ သေဆုံးခြင်း၊

(စ) ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟုကောင်စီကစစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီကပေးအပ်သော တာဝန်များကိုထမ်းဆောင်ရန်ပျက်ကွက်ခြင်း၊

(ဇ) အပိုဒ် ၆ ကိုအောက်ပါအတိုင်းပြင်ဆင်ရမည် -

၈။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဇ) နိုင်ငံတော်ကအပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့်ဘွဲ့လွန်များ၊ တိရစ္ဆာန် ဆေးပညာဆိုင်ရာ အထောက်အကူပြုအတတ်ပညာအတွက် ပေးအပ်သော

ဘွဲ့နှင့်ဘွဲ့လွန်များကိုနိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) အပိုဒ် ၇ ကိုပယ်ဖျက်ပါသည်။

(ည) အပိုဒ် ၉ တွင် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည် -

၉။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

၁၁ (က) ကောင်စီကအသိအမှတ်ပြုသည့် ပြည်တွင်းတက္ကသိုလ် တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့ သို့မဟုတ် အလားတူဘွဲ့ရရှိသူ၊

(ခ) ကောင်စီကအသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ၊

(ဋ) အပိုဒ် ၈ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၁၁-က။ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုသူ နိုင်ငံခြားသားသည် အောက်ပါအရည်အချင်းတစ်ရပ်ရပ်နှင့် ကိုက်ညီပါကမှတ်ပုံတင်ခွင့်ပြုရန် ကောင်စီသို့ လျှောက်ထားရမည်-

(က) ကောင်စီကအသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ် တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ ရရှိသူ၊

(ခ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ ရရှိပြီး ကောင်စီကကျင်းပပြုလုပ်သော အရည်အချင်းစစ်စာမေးပွဲကိုအောင်မြင်သူ။

(ဌ) အပိုဒ် ၁၁နှင့် အပိုဒ် ၁၄ တို့အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည် -

၁၁။ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ကောင်စီဝင်ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၁၄။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်-

(က) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျား။

**မူကြမ်း**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကတင်သွင်းသည့် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၃-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ ဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကတင်သွင်းသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးပထမနေ့ဖြစ်သော ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လို့တဲ့အပိုဒ်၊ အပိုဒ်ခွဲအကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၈-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားများခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**မူကြမ်း**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနကတင်သွင်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၈-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း

ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လို့တဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာတို့ကိုတိတိကျကျဖော်ပြ၍ ၁၈-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။

မူကြမ်း